ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၁၇၉/၂၀၂၀)

၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
( ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁၀ ရက် )

**အသက်အရွယ်ကြီးရင့်သူများ ကြိုတင်ဆန္ဒမဲပေးခွင့်ပြုကြောင်း အသိပေးထုတ်ပြန်ကြေညာခြင်း**

၁။ သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၄၅ (ဂ) (၃) နှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲ နည်းဥပဒေ ၅၁ (ခ) တို့အရ မဲဆန္ဒနယ်အတွင်းရှိနေသော်လည်း မဲရုံသို့ ကိုယ်တိုင် လာရောက် ဆန္ဒမဲမပေးနိုင်သော အသက်အရွယ်ကြီးရင့်နေသူများသည် ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးခွင့်ရှိပြီး အဆိုပါပုဂ္ဂိုလ်များ ကြိုတင်ဆန္ဒမဲပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၂။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ယခုကာလတွင် COVID-19 ရောဂါကူးစက် ဖြစ်ပွားနေမှုအခြေအနေများအရ Stay at Home မြို့နယ်အဖြစ် သတ်မှတ်ထားသည့် မြို့နယ်များနှင့် လူဦးရေထူထပ်သောမြို့နယ်များ **(၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်)** တွင် နေထိုင်သော ရောဂါကူးစက်ခံရမှု လွယ်ကူနိုင်သည့် အသက် ၆၀ နှစ် နှင့်အထက်ရှိသူ **(၁၉၆၀ ပြည့်နှစ် နှင့် ယင်းနှစ်၏ ရှေ့ပိုင်းမွေးဖွားသူ)** များကို **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့အထိ** နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးအတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများကစီစဉ်ဆောင်ရွက် ပေးမည် ဖြစ်ပါသည်။

၃။ အပိုဒ် (၂) ပါ သတ်မှတ်ထားသောမြို့နယ်များမှအပ ကျန်မြို့နယ်များတွင် နေထိုင်ကြသည့် အသက် ၆၀ နှစ် နှင့်အထက် မဲဆန္ဒရှင်များအနေဖြင့် မဲရုံသို့ ကိုယ်တိုင်လာရောက် ဆန္ဒမဲမပေး နိုင်သောအခြေအနေရှိပါက ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ သွားရောက်၍ ကြိုတင်ဆန္ဒမဲပေးရန် ဖြစ်ပါသည်။ ကျန်းမာရေးအခြေအနေအရ ကိုယ်တိုင်သွား ရောက်ရန် အခက်အခဲရှိပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ သတင်းပေးပို့လျှင် နေအိမ်တွင် ကြိုတင်ဆန္ဒမဲပေးနိုင်ရေးကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက စီစဉ်ဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

AMT/8-10-2020 / Pyithu

၄။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအနက် အသက် ၆၀ နှစ် နှင့်အထက်ရှိသူ မဲဆန္ဒရှင်များအနေဖြင့် **၂၉-၁၀-၂၀၂၀ ရက်နေ့မှ ၅-၁၁-၂၀၂၀ ရက်နေ့အထိ** အထက်အပိုဒ် (၂) နှင့် (၃) ပါအတိုင်း သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်ဆန္ဒမဲပေးနိုင်ပါကြောင်း အသိပေးထုတ်ပြန် ကြေညာအပ်ပါသည်။

**ပူးတွဲ-** ၁ စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်ရှိသော မြို့နယ်များ စာရင်း

(လက်မှတ်)

(လှသိန်း)

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တစ်စတုရန်းကီလိုမီတာတွင် ပျမ်းမျှလူဦးရေ ၅၀၀၀ ဦးနှင့်အထက်ရှိသော မြို့နယ်များစာရင်း

| စဉ် | မြို့နယ် | မှတ်ချက် |
|---|---|---|
| | ရန်ကုန်တိုင်းဒေသကြီး | |
| ၁ | ပုဇွန်တောင်မြို့နယ် | |
| ၂ | ပန်းဘဲတန်းမြို့နယ် | |
| ၃ | ကျောက်တံတားမြို့နယ် | |
| ၄ | စမ်းချောင်းမြို့နယ် | |
| ၅ | တာမွေမြို့နယ် | |
| ၆ | လမ်းမတော်မြို့နယ် | |
| ၇ | လသာမြို့နယ် | |
| ၈ | မင်္ဂလာတောင်ညွန့်မြို့နယ် | |
| ၉ | အလုံမြို့နယ် | |
| ၁၀ | ဒေါပုံမြို့နယ် | |
| ၁၁ | သဃ်န်းကျွန်းမြို့နယ် | |
| ၁၂ | သာကေတမြို့နယ် | |
| ၁၃ | ဗိုလ်တထောင်မြို့နယ် | |
| ၁၄ | တောင်ဥက္ကလာပမြို့နယ် | |
| ၁၅ | ရန်ကင်းမြို့နယ် | |
| ၁၆ | ကမာရွတ်မြို့နယ် | |
| ၁၇ | မြောက်ဥက္ကလာပမြို့နယ် | |
| ၁၈ | လှိုင်မြို့နယ် | |
| ၁၉ | ဗဟန်းမြို့နယ် | |
| ၂၀ | လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် | |
| ၂၁ | လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် | |
| ၂၂ | ကြည့်မြင်တိုင်မြို့နယ် | |
| ၂၃ | အင်းစိန်မြို့နယ် | |
| ၂၄ | မရမ်းကုန်းမြို့နယ် | |
| ၂၅ | ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် | |
| ၂၆ | ဒဂုံမြို့နယ် | |
| ၂၇ | ရွှေပြည်သာမြို့နယ် | |
| ၂၈ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | |
| ၂၉ | ဆိပ်ကြီး/ခနောင်တိုမြို့နယ် | |
| | မန္တလေးတိုင်းဒေသကြီး | |
| ၃၀ | မဟာအောင်မြေမြို့နယ် | |
| ၃၁ | ချမ်းအေးသာဇံမြို့နယ် | |
| ၃၂ | ချမ်းမြသာစည်မြို့နယ် | |
| ၃၃ | အောင်မြေသာဇံမြို့နယ် | |
| ၃၄ | ပြည်ကြီးတံခွန်မြို့နယ် | |